မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၅၀ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် ( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် )

**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်**

**တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တွင် အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **“မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့”** တွင် အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန **(အစား)** ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် )

**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့တွင်**

**အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **“ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး**

**ဗဟိုဦးစီးအဖွဲ့."** တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးမှ ဒုတိယ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဆွေဝင်း အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်း လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၅၂/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

## နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ် လိုက်သည် -

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးစိုးညွန့် (ခ) ဦးပွင့်သာ | ၃၀၃၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးမျိုးညွန့် | ၃၉၄၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးစိုးမြင့် | ၆၀၉၆ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးတင်ငွေး | ၆၉၃၈ | မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၅၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

## နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီးအတွင်း

နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည် -

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးသက်ထွန်း | ၁၃၂၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးတင်အေး | ၃၇၈၉ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးကျော်ဝင်း | ၅၂၂၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးစန်းတင့်ရီ | ၆၇၂၉ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးမြင့်အောင် | ၆၈၃၄ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၅၄/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည် -

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးဗိုလ်ကြည် | ၂၇၆၄ | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဦးဆန်းထွန်း | ၃၀၂၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးခင်ထွန်း | ၄၁၁၇ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးစိုးသိန်း | ၄၇၀၁ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးထွန်းကြည် | ၆၁၅၉ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**နိုတြီပဗ္ဗလစ် (Notary Public) ခန့်အပ်ခြင်း**

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေ (The Negotiable Instruments Act) ပုဒ်မ ၁၃၈ အရ အောက်ဖော်ပြပါ တရားလွှတ်တော်ရှေ့နေများအား ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီးအတွင်း နိုတြီပဗ္ဗလစ်၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရန် နိုတြီပဗ္ဗလစ် (Notary Public) များအဖြစ် ခန့်အပ်လိုက်သည် -

| စဉ် | အမည် | တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ် | ဒေသ |
|---|---|---|---|
| ၁။ | ဦးဦးလှမောင် | ၆၃၀၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးတင်ဝင်း | ၆၅၈၂ | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်သင်းခိုင် | ၆၈၃၁ | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးမျိုးမြင့် | ၆၈၃၅ | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်အေးအေးမင်း | ၇၃၄၅ | ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၆၃/၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ နှင့်အညီ ဘောလခဲမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးစိုင်းလုံတစ် (တ/၃၀၃၇) အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

## လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ဤရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အဓိပ္ပာယ်ဖော်ပြချက်

၁။ **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကိုဆိုသည်။ ယင်းစကားရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲ များလည်းပါဝင်သည်။

၂။ **ကော်မရှင်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုဆိုသည်။

၃။ **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ကော်မရှင်က ဖွဲ့စည်းထားသော အောက်ပါတို့ကိုဆိုသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(ခ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊
(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၄။ **မဲဆန္ဒနယ်** ဆိုသည်မှာ သက်ဆိုင်ရာလွှတ်တော်အသီးသီးအတွက် သတ်မှတ်ထားသော လွှတ်တော် မဲဆန္ဒနယ်ကိုဆိုသည်။

၅။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်း ဒေသကြီးအသီးသီး သို့မဟုတ် ပြည်နယ်အသီးသီးကိုဆိုသည်။

၆။ **မဲစာရင်း** ဆိုသည်မှာ ရွေးကောက်ပွဲကိစ္စအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းကိုဆိုသည်။

၇။ **မဲရုံအဖွဲ့** ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်အတွင်းရှိ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်း တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

၈။ **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကိုဆိုသည်။

၉။ **ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲလုပ်ငန်းများအား စောင့်ကြည့်လေ့လာရန်အတွက် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့၏ အသိအမှတ်ပြုလွှာရရှိထားသော မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းကိုဆိုသည်။

၁၀။ **ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ** ဆိုသည်မှာ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးအဖွဲ့က တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲလုပ်ငန်းများအား စောင့်ကြည့်လေ့လာရန်အတွက် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲအသီးသီးထံမှ သက်သေခံကတ်ပြား ရရှိထားသည့် မြန်မာနိုင်ငံသားကိုဆိုသည်။

၁၁။ **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု** ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက် ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်တိုင်း၌ တရားဝင်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကိုဆိုသည်။

၁၂။ **အသိအမှတ်ပြုလွှာ** ဆိုသည်မှာ ကော်မရှင်က ထုတ်ပြန်ထားသော စည်းမျဉ်းများကိုလိုက်နာရန် ဝန်ခံကတိပြုထားသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား ထုတ်ပေးသော အသိအမှတ်ပြုလွှာကိုဆိုသည်။

၁၃။ **သက်သေခံကတ်ပြား** ဆိုသည်မှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်းစီအား ရွေးကောက်ပွဲ လုပ်ငန်းများ စောင့်ကြည့်လေ့လာနေစဉ်ကာလအတွင်း အထောက်အထားအဖြစ် ထုတ်ပေးသည့် ကတ်ပြားကိုဆိုသည်။

## အခန်း (၂)

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် သတ်မှတ်ချက်များ

၁၄။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ များသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-

(က) ပါတီစွဲ၊ ဒေသစွဲ၊ ဌာနစွဲ၊ လူမျိုးစွဲနှင့်ပုဂ္ဂိုလ်စွဲကင်းခြင်း၊

(ခ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် မှတ်ပုံတင်ပြီး အသိအမှတ်ပြု ခံရခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ များ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာ သူများ လိုက်နာရမည့်ကျင့်ဝတ်များတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၃)

## အသိအမှတ်ပြုရန်လျှောက်ထားခြင်း

၁၅။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်အတွက် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့ကထုတ်ပေးသည့် လျှောက်လွှာ **(ပူးတွဲ က)** နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဝန်ခံကတိပြုလွှာ **(ပူးတွဲ ဃ)** တို့ကို ရယူ ဖြည့်သွင်း၍ အသိအမှတ်ပြုရန် လျှောက်ထားရမည်။ ယင်းပုံစံနှစ်စောင်အား ကော်မရှင် website မှလည်း ရယူနိုင်သည်။

၁၆။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အသိအမှတ်ပြုလျှောက်လွှာနှင့်အတူ အဖွဲ့အစည်း၏ဝန်ခံကတိပြုလွှာကိုပူးတွဲ၍ အောက်ဖော်ပြပါအတိုင်း လျှောက်ထားရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှု ပြုလိုပါက ကော်မရှင် တွင် လျှောက်ထားရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့တွင် လျှောက်ထားရမည်၊

(ဃ) မြို့နယ်တစ်ခုတည်းတွင် စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

၁၇။ ကော်မရှင်က အသိအမှတ်ပြုရန်လျှောက်လွှာကို လျှောက်ထားနိုင်ကြောင်း သတ်မှတ်ကြေညာသည့်နေ့မှစ၍ ရွေးကောက်ပွဲမကျင်းပမီ (၁၅) ရက်အလိုအထိ လျှောက်ထားနိုင်သည်။

## အခန်း (၄)
## အသိအမှတ်ပြုလျှောက်လွှာများစိစစ်ခြင်း၊ ခွင့်ပြုခြင်း

၁၈။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် မိမိတို့ထံ တင်သွင်းလာသော အသိအမှတ်ပြုလျှောက်လွှာများကို အောက်ပါနည်းလမ်းများအတိုင်း စိစစ်ဆောင်ရွက်ရမည်-

(က) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များမှ တင်သွင်းလာသော လျှောက်လွှာများကို စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိ လျှောက်လွှာလက်ခံရရှိချိန်မှစ၍ **၃ ရက်** အတွင်း စိစစ်ရန်၊

(ခ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား စာရွက်စာတမ်းများ ပြည့်စုံစွာဆောင်ရွက်ရန်အတွက် အကြောင်းကြားစာရရှိသည့်နေ့ရက်မှစ၍ **၅ ရက်** အတွင်း ပြန်လည်တင်ပြရန်အတွက် မှတ်ချက်ဖြင့် ပေးပို့ရန်၊

(ဂ) လျှောက်ထားလွှာများ စိစစ်ပြီးသည့်နေ့မှစ၍ **၇ ရက်** အတွင်း အဆုံးအဖြတ်ကို အကြောင်းပြန်ကြားရန်။

၁၉။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အခန်း (၂) ပါ သတ်မှတ်ချက်များနှင့်ပြည့်စုံသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ အဖွဲ့အစည်းများအား အသိအမှတ်ပြုလွှာထုတ်ပေးပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားရမည်။ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏အခွင့်အာဏာဖြင့် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အမည်စာရင်းများကို ကော်မရှင်သို့ တင်ပြရမည်။

## အခန်း (၅)
## အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း

၂၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ရရှိသော အဖွဲ့အစည်းသည် အသိအမှတ်ပြုလွှာကို ခွင့်ပြုသည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူရမည်။

၂၁။ အသိအမှတ်ပြုလွှာပုံစံသည် **ပူးတွဲ (ခ)** နှင့် **(ခ-၁)** ပါ အတိုင်းဖြစ်သည်။ အသိအမှတ်ပြုလွှာများကို ထုတ်ပေးရာတွင် ကော်မရှင်သည် ပုံစံ (ခ) ဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် ပုံစံ (ခ-၁) ဖြင့်လည်းကောင်း ထုတ်ပေးရမည်။

၂၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းသည် အသိအမှတ်ပြုလွှာလျှောက်ထားစဉ် တင်ပြခဲ့သည့် ခန့်မှန်းစောင့်ကြည့်လေ့လာသူ အရေအတွက်အတိုင်း သက်သေခံကတ်ပြား (အလွတ်) များကို ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံမှ အသိအမှတ်ပြုလွှာနှင့်အတူ **ပူးတွဲ (င)** ပါ ပုံစံပေါ်တွင် လက်မှတ်ရေးထိုး၍ တစ်ပါတည်း ထုတ်ယူနိုင်သည်။

၂၃။ ကော်မရှင်ထံမှ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်းသည် အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် သက်သေခံကတ်ပြား (အလွတ်) များကို ကော်မရှင်အဖွဲ့ခွဲများတွင် ထုတ်ယူလိုပါက ထုတ်ယူလိုသည့် ကော်မရှင်အဖွဲ့ခွဲများနှင့် ထုတ်ယူလိုသည့်အဖွဲ့ဝင်များ၏ အမည်စာရင်းတို့ကို ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၂၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းအား ကိုယ်စားပြုခွင့်ရှိသူများသည် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံကပ်ထားသော သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များမှ **ကတ်ပြားအမှတ်စဉ်နှင့် ထုတ်ပေးသည့် ရက်စွဲမှလွဲ၍** ပြည့်စုံစွာ ဖြည့်သွင်းရေးသားပြီး ရွေးကောက်ပွဲမကျင်းပမီ (၁၅) ရက်မတိုင်မီအတွင်း ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံသို့ အမည်စာရင်းနှင့်အတူ ပြန်လည်ပေးပို့ရမည်။

၂၅။ စောင့်ကြည့်လေ့လာသူတစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံကပ်ထားပြီး လက်မှတ်ရေးထိုးထားသော ဝန်ခံကတိပြုလွှာများအား သက်ဆိုင်ရာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်က တာဝန်ယူ ထိန်းသိမ်းထားရမည်။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ကြည့်ရှုရန် တောင်းခံလာပါက (၃) ရက်အတွင်း ပေးပို့ရမည်။

၂၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ၏ သက်သေခံကတ်ပြားမှာ **ပူးတွဲ (ဂ) နှင့် (ဂ-၁)** ပါအတိုင်း ဖြစ်သည်။ သက်သေခံကတ်ပြားများကိုထုတ်ပေးရာတွင် ကော်မရှင်သည် ပုံစံ (ဂ) ဖြင့် လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် ပုံစံ (ဂ-၁) ဖြင့် လည်းကောင်း ထုတ်ပေးရမည်။

## အခန်း (၆)
## သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ

၂၇။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ သက်သေခံကတ်ပြားတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) သက်သေခံကတ်ပြား အမှတ်စဉ်နှင့် ရက်စွဲ၊
(ခ) စောင့်ကြည့်လေ့လာသူအဖွဲ့ဝင် အမည်၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ဃ) အဖွဲ့အစည်းအမည်၊
(င) လေ့လာမည့်ဒေသ၊
(စ) ကုန်ဆုံးမည့်နေ့ရက်၊
(ဆ) စောင့်ကြည့်လေ့လာသူအဖွဲ့ဝင်၏ရောင်စုံ ပတ်စ်ပို့ဓာတ်ပုံ **(၁)** ပုံ။

## အခန်း (၇)
## အသိအမှတ်ပြုလွှာ သက်တမ်း

၂၈။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များသည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့ထံမှ တရားဝင်အသိအမှတ်ပြုလွှာ ရရှိပြီးချိန်မှစတင်ပြီး စောင့်ကြည့်လေ့လာရေးလုပ်ငန်း များကို ဆောင်ရွက်နိုင်သည်။

၂၉။ ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်အားလုံးကို စောင့်ကြည့်လေ့လာလိုသည်ဟု လျှောက်ထားပါက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အသိအမှတ်ပြုလွှာသက်တမ်းသည် စတင်ထုတ်ပေးသည့် အချိန်မှစ၍ ရွေးကောက်ပွဲကျင်းပပြီးသည့်နောက် ရက်ပေါင်း (၉၀) အထိဖြစ်သည်။

## အခန်း (၈)

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနယ်မြေ

၃၀။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲတစ်ခုခုထံ အဆိုပြုတင်ပြထားခဲ့သည့် စောင့်ကြည့်လေ့လာရေးအစီအစဉ်ပါ သတ်မှတ်နယ်မြေ၌သာ ဆောင်ရွက်ရမည်။

## အခန်း (၉)

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး၊ တာဝန်များနှင့်လိုက်နာရန်ကျင့်ဝတ်များ

၃၁။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ယင်းတို့၏ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် အောက်ပါအခွင့်အရေးများရှိသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအကာအကွယ်နှင့် လုံခြုံရေးအကာအကွယ်၊

(ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာခွင့်နှင့် သတင်းအချက်အလက်များ ရယူနိုင်ခွင့်၊

(ဂ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များစာရင်းပြုစုခြင်းတို့ကို စောင့်ကြည့်လေ့လာခွင့်၊

(ဃ) မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့်၊ (မဲရုံမှူးထံသတင်းပို့ပြီး မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။)

(င) မဲရုံအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာများ အသုံးပြုခွင့်၊

(စ) ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များအား တွေ့ရှိပါက ကြီးကြပ်ဆောင်ရွက် နေသော ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် မဲရုံမှူးထံ အသိပေးအကြောင်းကြားခွင့်။

၃၂။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါတာဝန်များ ရှိသည်-

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာရန်၊

(ခ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့ထံ စောင့်ကြည့်လေ့လာမည့် နယ်မြေအလိုက် သတင်းပို့ရန်၊

(ဂ) စောင့်ကြည့်လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်၊

(ဃ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့် အခွင့်အာဏာတို့ကို လေးစားရန်၊

(င) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

(စ) စောင့်ကြည့်လေ့လာရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျလေ့လာရန်၊

(ဆ) မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ထံသို့ ပေးပို့သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များသည် တိကျသေချာမှုရှိစေရန်။

၃၃။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် အောက်ပါ တာဝန်များရှိသည်-

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာရန်၊

(ခ) မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အပိုဒ် (၃၂) တွင် ဖော်ပြထားသည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့် အခွင့်အာဏာတို့ကို လေးစားရန်၊

(ဃ) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

(င) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးချင်းစီ၏ ဝန်ခံကတိပြုလွှာများအား စာရင်းဇယားနှင့် တကွ စနစ်တကျသိမ်းဆည်းထားရန်၊

(စ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့ထံမှ ထုတ်ယူရရှိသည့် သက်သေခံကတ်ပြား (အလွတ်) များ ပျောက်ဆုံးခြင်းမရှိစေရန် အထူးဂရုပြုရမည်။ ပျောက်ဆုံးပါက ထုတ်ယူခဲ့သည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ဆ) ကော်မရှင်ထံပေးပို့သော ရွေးကောက်ပွဲဆိုင်ရာသတင်း အချက်အလက်များသည် တိကျသေချာမှု ရှိစေရန်၊

(ဇ) နောက်ဆုံးအစီရင်ခံစာရေးသားရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျရေးသားရန်၊

(ဈ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး နောက်ဆုံးအစီရင်ခံစာအား အသိအမှတ်ပြုလွှာထုတ်ပေး ခဲ့သည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့တင်ပြရန်။

၃၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် စောင့်ကြည့်လေ့လာသူတစ်ဦးချင်းစီသည် ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို လိုက်နာ ရမည်။

## အခန်း (၁၀)

## အရေးယူခြင်း

၃၅။ အပိုဒ် ၃၂၊ ၃၃ နှင့် ၃၄ ပါ တာဝန်နှင့်လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ သို့မဟုတ် စောင့်ကြည့်လေ့လာသူတစ်ဦးဦးကို ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ကော်မရှင်အဖွဲ့ခွဲတို့က ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်။

၃၆။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးသည် တာဝန်နှင့် လိုက်နာရန် ကျင့်ဝတ်များအား ချိုးဖောက်ကျူးလွန်ပါက မဲရုံမှူး၏အမိန့်ဖြင့် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန်ပေးအပ်ခံရသူ သို့မဟုတ် မဲရုံအဖွဲ့ဝင် တစ်ဦးဦးက ထိုသူအား မဲရုံနှင့် မဲရုံပရဝုဏ်အတွင်းမှ ချက်ချင်းဖယ်ရှားနိုင်သည်။ ယင်းသို့ ဖယ်ရှားကြောင်းကို သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရမည်။

၃၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သော ကော်မရှင် အဖွဲ့ခွဲထံ ဆက်လက်အကြောင်းကြားရမည်။

၃၈။ တာဝန်နှင့် လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော စောင့်ကြည့်လေ့လာသူအား တိုင်ကြားလိုပါက တိုင်ကြားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြပြီး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပေးပို့တိုင်ကြားရမည်။

၃၉။ တိုင်ကြားစာကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စစ်ဆေးပြီးနောက် ချိုးဖောက်ကျူးလွန်ကြောင်း တွေ့ရှိလျှင် ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ကော်မရှင်အဖွဲ့ခွဲထံ အစီရင်ခံရမည်။

၄၀။ ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင် အဖွဲ့ခွဲက တင်ပြလာသည့် အစီရင်ခံစာကိုစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက် နိုင်သည်-

(က) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးက ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင် ၎င်းစောင့်ကြည့် လေ့လာသူ၏ စောင့်ကြည့်လေ့လာခွင့်ကို ရုပ်သိမ်းခြင်း၊

(ခ) ယင်းသို့ စောင့်ကြည့်လေ့လာခွင့် ရုပ်သိမ်းခြင်းကို သက်ဆိုင်ရာရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့သို့ အကြောင်းကြားခြင်း၊

(ဂ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင် ယင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အား ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်း။

## အခန်း (၁၁)

## စောင့်ကြည့်လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

၄၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ဖော်ပြပါ ရွေးကောက်ပွဲလုပ်ငန်းများ အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံးကို စောင့်ကြည့်လေ့လာနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ၊

(ခ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊

(ဂ) မဲဆန္ဒရှင်သတင်းအချက်အလက်နှင့် မဲစာရင်းပြုစုခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊

(င) ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်း အတည်ပြုကြေညာခြင်း၊

(စ) မဲလက်မှတ်များရိုက်နှိပ်ခြင်း၊

(ဆ) မဲဆွယ်စည်းရုံးခွင့်ကာလ၊

(ဇ) မဲဆွယ်စည်းရုံးခြင်း ရပ်နားသည့်ကာလ၊

(ဈ) ကြိုတင်ဆန္ဒမဲပေးခြင်း၊

(ည) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်း၊

(ဋ) ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ သုံးစွဲသော ရွေးကောက်ပွဲအသုံးစရိတ်များ၊

(ဌ) ရွေးကောက်ပွဲရလဒ်ကြေညာခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကြေညာခြင်း၊

(ဍ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း။

## အခန်း (၁၂)

## အယူခံခြင်း

၄၂။ အခန်း (၄) ပါ အသိအမှတ်ပြုလျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်းနှင့် အခန်း (၁၀) ပါ စည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်းအတွက် အရေးယူမှုများနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း အယူခံလျှောက်ထားနိုင်သည်-

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲထံသို့ အယူခံ လျှောက်ထားခြင်း၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲထံသို့ အယူခံလျှောက်ထားခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် ကော်မရှင်ထံသို့ အယူခံလျှောက်ထားခြင်း။

၄၃။ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍

**ပူးတွဲ (က)**

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တရားဝင်အသိအမှတ်ပြုပေးရန် တောင်းခံသည့်လျှောက်လွှာ

၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏အမည် - ..............................................
၂။ လိပ်စာ ..............................................................................................
၃။ တယ်လီဖုန်း ..........................................................................................
၄။ တာဝန်ခံပုဂ္ဂိုလ် ......................................................................................
၅။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ် -
(က) အမည် ........................................................................................
(ခ) ရာထူး ........................................................................................
(ဂ) လိပ်စာ ........................................................................................
(ဃ) တယ်လီဖုန်း .................................. အီးမေးလ်လိပ်စာ ..................................
၆။ အဖွဲ့အစည်းဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက် ..............................................................
......................................................................................................
......................................................................................................
......................................................................................................
၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်များနှင့် ညှိနှိုင်း၍ ဆက်သွယ်လုပ်ကိုင်မည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ကိုယ်စားပြုခွင့်ရှိသော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်များ -

| တိုင်းဒေသကြီး/ ပြည်နယ် | အမည် | ရာထူးအမည် | ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များ (ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ ...... စသည်ဖြင့်) |
|---|---|---|---|
| | | | |
| | | | |

၈။ ခန့်မှန်းစောင့်ကြည့်လေ့လာသူအရေအတွက် ..............................................................
၉။ ကျွန်ုပ်တို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် တာဝန်ပေးခန့်အပ်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအားလုံးသည် မြန်မာနိုင်ငံ၏ ဥပဒေများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် အခြားညွှန်ကြားချက်များကို လိုက်နာမည်ဆိုသည်မှာ မှန်ကန်ပါကြောင်း ကျွန်ုပ်ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

**ပူးတွဲ (က-၁)**

## အဆိုပြုတင်သွင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူစာရင်း

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ..............................................................
ဤရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူစာရင်းကို တင်သွင်းသည့်ပုဂ္ဂိုလ်၏ အမည်နှင့် တယ်လီဖုန်းနံပါတ်
.........................................................................................................................

(မှတ်ချက်။ ဤပုဂ္ဂိုလ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ အသိအမှတ်ပြုလွှာရရှိထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းမှ ခွင့်ပြုထားသည့် ပုဂ္ဂိုလ်ဖြစ်ရပါမည်။)

| အမှတ်စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | လိပ်စာအပြည့်အစုံ | တယ်လီဖုန်း | လေ့လာမည့်ဒေသ | သက်သေခံကတ်ပြားထုတ်ယူမည့်နေရာ |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |

အဆိုပြုတင်ပြထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံ၏ဥပဒေများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် အခြားညွှန်ကြားချက်များကို လိုက်နာမည်ဆိုသည်မှာ မှန်ကန်ပါကြောင်း ကျွန်ုပ်ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

**ပူးတွဲ (ခ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ**

**ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့**

**အသိအမှတ်ပြုလွှာ**

(အမှတ်စဉ် ........................ ၊ ရက်စွဲ .........................)

၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန်အတွက် အောက်ပါ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းအား ခွင့်ပြုကြောင်း ဤအသိအမှတ်ပြုလွှာကို ထုတ်ပေးလိုက်သည် -

| | |
|---|---|
| အဖွဲ့အစည်းအမည် | : ........................................................................... |
| | ........................................................................... |
| လိပ်စာ | : ........................................................................... |
| | ........................................................................... |
| တာဝန်ခံပုဂ္ဂိုလ် | : ........................................................................... |
| ဆက်သွယ်ရန် | : ဖုန်း................................. email ................................. |
| လေ့လာမည့်ဒေသ | : ........................................................................... |
| ကုန်ဆုံးမည့်နေ့ရက် | : ........................................................................... |

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပူးတွဲ (ခ-၁)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ**

**ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့**

**အသိအမှတ်ပြုလွှာ**

(အမှတ်စဉ် .........................၊ ရက်စွဲ ..........................)

၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန်အတွက် အောက်ပါ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းအား ခွင့်ပြုကြောင်း ဤအသိအမှတ်ပြုလွှာကို ထုတ်ပေးလိုက်သည် -

| | |
|---|---|
| အဖွဲ့အစည်းအမည် | : ........................................................................... |
| | ........................................................................... |
| လိပ်စာ | : ........................................................................... |
| | ........................................................................... |
| တာဝန်ခံပုဂ္ဂိုလ် | : ........................................................................... |
| ဆက်သွယ်ရန် | : ဖုန်း.................................. email .................................. |
| လေ့လာမည့်ဒေသ | : ........................................................................... |
| ကုန်ဆုံးမည့်နေ့ရက် | : ........................................................................... |

ဥက္ကဋ္ဌ

.................ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

| |
|---|
| **ပုံးတွဲ (ဂ)** |

| |
|---|
| **ပုံးတွဲ (ဂ-၁)** |

[သက်သေခံကတ်ပြား၏နောက်ကျောဘက်တွင်]

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများလိုက်နာရန်**

၁။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို လိုက်နာရန်၊

၂။ စောင့်ကြည့်လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်၊

၃။ ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

၄။ တရားဝင်အသိအမှတ်ပြုခြင်းခံရသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများလိုက်နာရမည့် ကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

**ပူးတွဲ (ဃ)**

**............................................ အဖွဲ့**

**ဝန်ခံကတိပြုလွှာ**

၁။ ကျွန်ုပ်တို့အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာမည်ဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့အဖွဲ့သည် မည်သည့်နိုင်ငံရေးပါတီနှင့်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် သော်လည်းကောင်း၊ ယင်းကိုယ်စားလှယ်လောင်းနှင့် ဆက်စပ်ပတ်သက်သော မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း လုံးဝ (လုံးဝ) သက်ဆိုင်ခြင်းမရှိပါ။

၃။ ကျွန်ုပ်တို့အဖွဲ့သည် ဤကျင့်ဝတ်ကိုလိုက်နာ၍ သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများကိုပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေမည့် ကိုယ်ကျိုးဆောင်ရွက်ခြင်း ကျွန်ုပ်တို့တွင် မရှိပါ။

၄။ ကျွန်ုပ်တို့အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ဖတ်ရှုနားလည်ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့တွင် တာဝန်ပေးခန့်အပ်ထားသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ဤကျင့်ဝတ်များကို လိုက်နာပါမည်ဟုလည်းကောင်း၊ ဤကျင့်ဝတ်များနှင့် အညီ ပြုမူနေထိုင်ပါမည်ဟူ၍လည်းကောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

လက်မှတ် ။......................................
အမည် ။......................................
နိုင်ငံသားစိစစ်ရေးကတ်အမှတ်။......................
ရက်စွဲ ။......................................

**ပူးတွဲ (ဃ-၁)**

**............................................ အဖွဲ့က**
**တာဝန်ပေးခန့်အပ်ထားသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ**
**ဝန်ခံကတိပြုလွှာ**

**ဓာတ်ပုံ**

၁။ ကျွန်ုပ်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာမည်ဖြစ်ပါသည်။

၂။ ကျွန်ုပ်သည် မည်သည့်နိုင်ငံရေးပါတီနှင့်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့်သော်လည်းကောင်း၊ ယင်းကိုယ်စားလှယ်လောင်းနှင့် ဆက်စပ်ပတ်သက်သော မည်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း လုံးဝ (လုံးဝ) သက်ဆိုင်ခြင်းမရှိပါ။

၃။ ကျွန်ုပ်သည် ဤကျင့်ဝတ်ကိုလိုက်နာ၍ သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများကိုပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေမည့် ကိုယ်ကျိုးဆောင်ရွက်ခြင်း ကျွန်ုပ်တွင် မရှိပါ။

၄။ ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤကျင့်ဝတ်များကို လိုက်နာပါမည်ဟု လည်းကောင်း၊ ဤကျင့်ဝတ်များနှင့် အညီ ပြုမူနေထိုင်ပါမည် ဟူ၍လည်းကောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်　၊......................................
အမည်　၊......................................
နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊......................
ရက်စွဲ　၊......................................

**ပူးတွဲ (င)**

## သက်သေခံကတ်ပြား (အလွတ်) များ လက်ခံရရှိကြောင်းပုံစံ

သက်သေခံကတ်ပြား (အလွတ်) ...................... ကတ်အား လက်ခံရရှိပါသည်။ သက်သေခံကတ်ပြားများအား ရေးသွင်းဖြည့်စွက်ပြီးပါက စိစစ်ခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် ရုံးတံဆိပ်ရိုက်နှိပ်ခြင်းများ ဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်တင်သွင်းမည်ဖြစ်ပါသည်။ ပိုလျှံသည့် သက်သေခံကတ်ပြား (အလွတ်) များနှင့် ပျက်စီးသွားသည့် သက်သေခံကတ်ပြားများအား စာရင်းဇယားနှင့်တကွ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

လက်မှတ် ၊.........................................
အမည် ၊.........................................
နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊.........................
ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ .............................
E-mail လိပ်စာ၊.........................................
အဖွဲ့အစည်းအမည်၊.....................................
.........................................
ရက်စွဲ ၊.........................................

**[ယခင်အပတ် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများမှအဆက် ]**

**ပုံစံ (၇)**

**သတ်မှတ်ပမာဏထက်ကျော်လွန်သောလွှဲပြောင်းမှုသတင်းပို့ချက်(ဘဏ်များအတွက်)**

(Threshold Transaction Report)

**(နည်းဥပဒေ ၅၁)**

**အပိုင်း (၁) သတင်းပေးပို့ချက်အသေးစိတ်**

၁။ သတင်းပို့သည့်ရက်စွဲ ----------------------------------------

၂။ သတင်းပို့အဖွဲ့အစည်းအမျိုးအစား

☐ ဘဏ်

☐ အာမခံလုပ်ငန်း

☐ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်း

၃။ သတင်းပို့အဖွဲ့အစည်းအမည် ----------------------------------------

၄။ သတင်းပို့အဖွဲ့အစည်းလိပ်စာ ----------------------------------------

----------------------------------------

၅။ သတင်းပို့အဖွဲ့အစည်း၏ တယ်လီဖုန်းနံပါတ် ----------------------------------------

၆။ သတင်းပို့အဖွဲ့အစည်း၏ ဖက်စ်ဖုန်းနံပါတ် ----------------------------------------

၇။ သတင်းပို့သည့်အရာထမ်း၏အမည် ----------------------------------------

၈။ သတင်းပို့သူ၏ ရာထူး ----------------------------------------

၉။ သတင်းပို့သူ အရာထမ်း၏လက်မှတ် ----------------------------------------

**အပိုင်း (၂) ဆောင်ရွက်ချက်အသေးစိတ်**

၁၀။ ဆောင်ရွက်သည့်နေ့ ----------------------------------------

၁၁။ ဆောင်ရွက်သည့်အချိန် ----------------------------------------

၁၂။ ဆောင်ရွက်ချက်အမျိုးအစား ----------------------------------------

☐ ငွေသွင်းခြင်း

☐ ငွေထုတ်ခြင်း

☐ ဆွစ်/ကြေးနန်း/ဖက်(စ်)စသည့်အီလက်ထရောနစ် နည်းဖြင့် လွှဲပြောင်းခြင်း (အဝင်)

☐ ဆွစ်/ကြေးနန်း/ဖက်(စ်)စသည့်အီလက်ထရောနစ် နည်းဖြင့် လွှဲပြောင်းခြင်း (အထွက်)

☐ အခြား

☐ ငွေသွင်း(လွှဲ)

☐ ငွေထုတ်(လွှဲ)

☐ ပြည်တွင်း ☐ ပြည်ပ

☐ ပြည်တွင်း ☐ ပြည်ပ

၁၃။ ငွေပေးချေသည့်နည်းလမ်းများ

☐ ငွေသား

☐ လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ (ချက်လက်မှတ်/ဘဏ်ငွေလွှဲလက်မှတ်/ငွေပေးအမိန့် စသည်များ)

☐ အီလက်ထရောနစ်နည်းလမ်းဖြင့်ပေးချေခြင်း (ခရက်ဒစ်ကတ်/ဒက်ဘစ်ကတ် စသည်များ)

၁၄။ ငွေကြေးအမျိုးအစား ----------------------------------------

၁၅။ ငွေပမာဏ ----------------------------------------

၁၆။ ဆောင်ရွက်ရသည့်အကြောင်းအရင်း (Intention of Transaction)
------------------------------------------------------------------------------------------
------------------------------------------------------------------------------------------

၁၇။ ဆောင်ရွက်သူ၏အမည် (Name of person conduction) ------------------------------------

၁၈။ သက်သေခံလက်မှတ်အမျိုးအစား

☐ နိုင်ငံသားစိစစ်ရေးကတ်ပြား
☐ နိုင်ငံကူးလက်မှတ်
☐ ကုမ္ပဏီမှတ်ပုံတင်အမှတ်
☐ အခြား

၁၉။ သက်သေခံလက်မှတ်အမှတ် ------------------------------------------------------------

၂၀။ ဖောက်သည်အမျိုးအစား

☐ လူပုဂ္ဂိုလ် ☐ ကုမ္ပဏီ/အဖွဲ့အစည်း

၂၁။ ကျား/မ ☐ ကျား ☐ မ

၂၂။ မွေးသက္ကရာဇ် (လူပုဂ္ဂိုလ်) မှတ်ပုံတင်သည့်နေ့ (ကုမ္ပဏီ/အဖွဲ့အစည်း)
------------------------------------------------------------------------------------------

၂၃။ နိုင်ငံသား (Citizenship) အဖွဲ့အစည်းမှတ်ပုံတင်သည့်နိုင်ငံ (Country of Incorporation)
------------------------------------------------------------------------------------------

၂၄။ လိပ်စာ ------------------------------------------------------------------------------
------------------------------------------------------------------------------------------

၂၅။ တယ်လီဖုန်းအမှတ် ------------------------------------------------------------------

၂၆။ အလုပ်အကိုင် (လူပုဂ္ဂိုလ်) လုပ်ငန်းအမျိုးအစား (ကုမ္ပဏီ/အဖွဲ့အစည်း)
------------------------------------ ------------------------------------

၂၇။ **လွှဲပြောင်း/လက်ခံခြင်းဆောင်ရွက်သူ**

အမည် --------------------------------
မှတ်ပုံတင်အမှတ် ---------------------------
အလုပ်အကိုင် ------------------------------
နေရပ်လိပ်စာ ------------------------------
ဆက်သွယ်ရမည့်ဖုန်းနံပါတ် ------------------

**အပိုင်း (၃) ဘဏ်ငွေစာရင်း အသေးစိတ်အချက်အလက်များ**

၂၈။ ငွေစာရင်းပိုင်ရှင်အမည် --------------------------------------
၂၉။ ငွေစာရင်းအမှတ် --------------------------------------
၃၀။ ငွေစာရင်းဖွင့်လှစ်သည့်နေ့ --------------------------------------
၃၁။ ငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ်နှင့်ဘဏ်ခွဲအမည် --------------------------------------
၃၂။ ငွေလွှဲပြောင်းမှုတွင် ပါဝင်ပတ်သက်မှုရှိသည့်အခြား --------------------------------------
ဘဏ်ခွဲအမည် --------------------------------------
၃၃။ အပိုဒ် ၃၁ ပါဘဏ်/ဘဏ်ခွဲတွင် ဖွင့်လှစ်ထားသည့် --------------------------------------
ငွေစာရင်းအမှတ် --------------------------------------

၃၄။ ငွေစာရင်းအမျိုးအစား

☐ ငွေစုစာရင်း
☐ စာရင်းရှင်စာရင်း
☐ အခြား

## သတ်မှတ်ပမာဏထက်ကျော်လွန်သော လွှဲပြောင်းမှုသတင်းပေးပို့ချက်

(Threshold Transaction Report)

## မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ အသေးစိတ်အချက်အလက်များ

## (မြေ/အဆောက်အဦ/တိုက်ခန်း)

## (နည်းဥပဒေ ၅၁)

**အပိုင်း(၁) သတင်းပေးပို့ချက်အသေးစိတ်**

၁။ ပစ္စည်းအမျိုးအစား ---------------------------------------
၂။ သတင်းပို့ချက်အမှတ်စဉ် ---------------------------------------
၃။ သတင်းပို့သည့်နေ့စွဲ ---------------------------------------
၄။ သတင်းပို့မှုအခြေအနေ ---------------------------------------
၅။ ပစ္စည်းလွှဲပြောင်းသူ
(က) အမည် ---------------------------------------
(ခ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသားမှတ်ပုံတင် ---------------------------------------
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် ---------------------------------------
(ဂ) နေရပ်လိပ်စာ ---------------------------------------
(ဃ) အလုပ်အကိုင် ---------------------------------------
(င) လူမျိုး/နိုင်ငံသား ---------------------------------------
၆။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်
(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ---------------------------------------
(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ---------------------------------------
(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ---------------------------------------
(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း ---------------------------------------
(င) တည်နေရာလိပ်စာ ---------------------------------------
---------------------------------------
---------------------------------------
(စ) စီးပွားရေးလုပ်ငန်းအမျိုးအစား ---------------------------------------
၇။ ပစ္စည်းလွှဲပြောင်းပေးခြင်းခံရသူ
(က) အမည် ---------------------------------------
(ခ) နိုင်ငံသား/အမျိုးသား/ နိုင်ငံခြားသားမှတ်ပုံတင် ---------------------------------------
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ်/ဗီဇာအမှတ် ---------------------------------------
(ဂ) နေရပ်လိပ်စာ ---------------------------------------
(ဃ) အလုပ်အကိုင် ---------------------------------------
(င) လူမျိုး/နိုင်ငံသား ---------------------------------------
၈။ ကုမ္ပဏီ/အသင်းအဖွဲ့ဖြစ်လျှင်
(က) ကုမ္ပဏီ/အသင်းအဖွဲ့အမည် ---------------------------------------
(ခ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်အမှတ် ---------------------------------------
(ဂ) ကုမ္ပဏီ/အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ ---------------------------------------
(ဃ) ကုမ္ပဏီ/အသင်းအဖွဲ့၏ အစည်းအဝေးမှတ်တမ်း ---------------------------------------
(င) တည်နေရာလိပ်စာ ---------------------------------------
---------------------------------------
---------------------------------------
(စ) မှတ်ပုံတင်ထားသည့်နိုင်ငံ ---------------------------------------
(ဆ) စီးပွားရေးလုပ်ငန်းအမျိုးအစား ---------------------------------------

**[ ဆက်လက်ဖော်ပြပါမည်]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

**အကြံပေးအဖွဲ့ (Advisory Team) နှင့် ပညာရှင်အဖွဲ့ (Technical Expert Team) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်စွဲပါစာအမှတ်၊ ၇၀၁(၂)/၁၄/သမ္မတရုံး အရ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ (၁၇း၀၅) နာရီအချိန်တွင် မန္တလေးမြေငလျင်စခန်း၏အနောက်ဘက် (၁၂၃) မိုင်ခန့်အကွာ၊ ချောက်မြို့၏ အနောက်ဘက် (၁၀) မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၆.၈) ပြင်အားရှိသော ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ရှေးဟောင်းအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်း၊ ရှင်းလင်းခြင်း၊ စစ်ဆေးခြင်း၊ ထိခိုက်ပျက်စီးမှု သုံးသပ်ခြင်း၊ အကြံပြုခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် “အကြံပေးအဖွဲ့ (Advisory Team) နှင့် ပညာရှင်အဖွဲ့ (Technical Expert Team)” တို့ကို အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းလိုက်သည် -

**အကြံပေးအဖွဲ့ (Advisory Team)**

(က) ဒေါက်တာအောင်ကျော်မြတ်
ဂုဏ်ထူးဆောင်ပါမောက္ခ (မြို့ပြအိမ်ရာဌာန)
မန္တလေးနည်းပညာတက္ကသိုလ်

(ခ) ဒေါက်တာကျော်လတ်
နာယက၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

(ဂ) Mr. Kai Weise
UNESCO Expert

(ဃ) ဦးအောင်မြင့်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

**ပညာရှင်အဖွဲ့ (Technical Expert Team)**

(က) ဦးသိန်းလွင် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ခ) ဦးဆန်းဦး — ဒု-အဖွဲ့ခေါင်းဆောင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာအသင်း

(ဂ) ဦးသန်းဇော်ဦး — ဒု-အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဃ) ဦးညွန့်မောင်စန်း အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(င) ဦးစောထွေးဇော် အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(စ) ဦးမော်လင်း အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာအသင်း

(ဆ) ဒေါက်တာမျိုးသန့် အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံမြေငလျင်အသင်း

(ဇ) ဦးသန့်ဇင်ထွေး အဖွဲ့ဝင်
အင်ဂျင်နီယာအသင်း (မန္တလေး)

(ဈ) ဒေါ်စိုးစိုးဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပြုပြင်ထိန်းသိမ်းရေး)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ည) ဦးဝင်းကြိုင် အဖွဲ့ဝင်
ကျောင်းအုပ်ကြီး
ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)

(ဋ) ညွှန်ကြားရေးမှူး (အဆောက်အအုံ) အဖွဲ့ဝင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(ဌ) ဒေါက်တာစုစု အဖွဲ့ဝင်
ပါမောက္ခ (ဗိသုကာ)
မန္တလေးနည်းပညာတက္ကသိုလ်

(ဍ) ဒေါက်တာနီလာအေး အဖွဲ့ဝင်
ပါမောက္ခ (မြို့ပြ)
အင်ဂျင်နီယာဌာန
မန္တလေးနည်းပညာတက္ကသိုလ်

(ဎ) ဒေါ်ဥမ္မာ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (နံရံဆေးရေးပန်းချီကျွမ်းကျင်)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဏ) ဦးဖြိုးမောင်မောင် အဖွဲ့ဝင်
ဦးစီးအရာရှိ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(တ) ဦးကျော်မျိုးဝင်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (GIS ကျွမ်းကျင်)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ထ) ဦးအောင်ကြိုင် အဖွဲ့ဝင်
Bagan Heritage Trust

(ဒ) ဦးညွန့်ဟန် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဓ) ဦးစိုးစိုးလင်း အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းရေး)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာများနှင့် ပူးပေါင်း၍လေ့လာ၊ စူးစမ်း၊ အကဲဖြတ်၊ မှတ်တမ်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန်၊

(ခ) ငလျင်ဒဏ်ကျရောက်ပြီး အရေးပေါ်စီမံခန့်ခွဲမှုအစီအစဉ်၊ ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းစဉ်၊ အန္တရာယ်ကျရောက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ရွှေ့ပြောင်းရမည့် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပျက်စီးမှု၊ အနုပညာလက်ရာ တန်ဖိုးအလိုက် ဦးစားပေးအဆင့် သတ်မှတ်ကာ ထိန်းသိမ်းပြန်လည်ထားသို ခြင်း၊ မူလနေရာတွင် ပြန်လည်ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) ပျက်စီးဆုံးရှုံးသည့် ရှေးဟောင်းအဆောက်အအုံ ဘေးပတ်ဝန်းကျင် သန့်ရှင်းစင်ကြယ်ရေး ဆောင်ရွက်ရန်၊

(င) ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်း များကို သက်ဆိုင်ရာများ၊ ထောက်ပံ့ကူညီဆောင်ရွက်သည့်စေတနာရှင်များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့်ပူးပေါင်းကာ ထိန်းသိမ်းခြင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) ပျက်စီးဆုံးရှုံးသည့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ ရေရှည်ကြံ့ခိုင်ရေး ဆောင်ရွက် နိုင်ရေး စိစစ်ဆွေးနွေးအကြံပြုတင်ပြရန်၊

(ဆ) ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောင်ထပ်မံဖြစ်ပွားလာနိုင်မှုကို ထည့်သွင်းစဉ်းစားစီမံဆောင်ရွက်ရေးတင်ပြရန်၊

(ဇ) လိုအပ်သော ဓာတုဗေဒဆိုင်ရာ ထိန်းသိမ်းခြင်းနှင့် အဆောက်အအုံဆိုင်ရာ ထိန်းသိမ်းခြင်းလုပ်ငန်း (Emergency Protection) ကို ဦးစားပေးအလိုက် ချက်ချင်းဆောင်ရွက်ရန်၊

(ဈ) ဦးစားပေးအလိုက် ဘဏ္ဍာငွေနှင့် ဆောင်ရွက်မှုအစီအစဉ်ပြုစု ပြင်ဆင်ခြင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ ပြည့်စုံသော အစီရင်ခံစာ ရေးသားတင်ပြရန်၊

(ည) ပုဂံဒေသ၏ မြေငလျင်ဖြစ်ပွားနိုင်သည့် ဇရိယာအလိုက် မြေပုံ (Earthquake Risk Hazard Map) ရေးဆွဲနိုင်ရေးကို မြန်မာနိုင်ငံမြေငလျင်အသင်းနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဋ) ရှေးဟောင်းအဆောက်အအုံများ၏ ပန္နက်ပုံအဆင့်အလိုက် ကြံ့ခိုင်မှု ရှိ/မရှိ အသေးစိတ် စစ်ဆေး ခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ရန်၊

(ဌ) ရှေးဟောင်းအဆောက်အအုံများ ရေရှည်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်အပါအဝင် ကြိုတင်ကာကွယ်မှုများနှင့်ပတ်သက်၍ နည်းပညာတက္ကသိုလ်များမှ ကျောင်းသူ/ကျောင်းသားများ ပူးပေါင်းပါဝင်မှုနှင့် Thesis / သုတေသနများ ဆောင်ရွက်ရေး စီစဉ်ကြီးကြပ်ပေးရန်၊

(ဍ) UNESCO အပါအဝင် နိုင်ငံတကာပညာရှင်များ၊ နိုင်ငံတကာအကူအညီများအား ညှိနှိုင်းစီစဉ်ကြီးကြပ်ပေးရန်၊

(ဎ) ရှေးဟောင်းဘုရားပုထိုး၊ အဆောက်အအုံများပြင်ဆင်ရေးနှင့်ပတ်သက်၍ UNESCO နှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ နည်းလမ်းများ၊ အကြံဉာဏ်များ တင်ပြသွားရန်၊

(ဏ) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဌာနနှင့်ပူးပေါင်း၍ အကြံပြု၊ ဆွေးနွေး၊ ကြီးကြပ်စိစစ်ပေးသွားရန်။

၃။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၆

### ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်စွဲပါစာအမှတ်၊ ၁၁၂(၁)/၈/သမ္မတရုံး အရ ဒေသဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဥပဒေများကို ဟန်ချက်ညီစွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် ပုဂံဒေသအတွင်းရှိ ဌာနဆိုင်ရာအားလုံးကို ထိန်းချုပ်ကြီးကြပ် စီမံခန့်ခွဲပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်မည့် အဖြစ်အပျက်များမှ ကာကွယ်နိုင်ရန်အတွက် **"ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေစီမံခန့်ခွဲရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါက်တာဇော်မြင့်မောင်<br>ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းကျော်ဇော<br>ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ဦးဝင်းမြင့်ခိုင်<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်<br>မန္တလေးတိုင်းဒေသကြီးလွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာကျော်ဦး<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်<br>မန္တလေးတိုင်းဒေသကြီးလွှတ်တော် | အဖွဲ့ဝင် |

(င) ဦးသိန်းလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စ) ဦးမင်းဆွေ — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး

(ဆ) ဦးမင်းအောင်မြင့်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
မန္တလေးတိုင်းဒေသကြီးစည်ပင်ဝန်ကြီးဌာန

(ဇ) ရဲမှူးကြီးနေထွန်း — အဖွဲ့ဝင်
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှူး
ပြည်ထဲရေးဝန်ကြီးဌာန

(စျ) ဦးတိုးအောင်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်)
မန္တလေးတိုင်းဒေသကြီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ဦးမင်းသိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ဦးနိုင်အောင်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဌ) ဦးအောင်အောင်ကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပုဂံဌာနခွဲ)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဍ) ဦးခင်မောင်ရွှေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ပ) ဦးဇော်မင်းအောင်    အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဖ) ဦးစိုးတင့်    တွဲဖက်အတွင်းရေးမှူး
ခရိုင်အုပ်ချုပ်ရေးမှူး
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဗ) ဦးဇော်တင်မိုး    အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း ဥပဒေနှင့် မညီညွတ်သည့် တည်ဆောက်မှုများ၊ ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်ပျက်စီးစေရန် ဆောင်ရွက်မှုများအား စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်းနှင့် တားမြစ်ခြင်းများဆောင်ရွက်ရန်၊

(ခ) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသတ်မှတ်ဇုန် MZ ၊ AZ ၊ PZ များသည် မြို့ပြလူနေရပ်ကွက်၊ ကျေးရွာများနှင့် အချို့နေရာများတွင် တစ်ထပ်တည်းကျရောက်နေပြီး "ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ" ပြဋ္ဌာန်းခြင်းမပြုမီကပင် ဟိုတယ်၊ တည်းခိုခန်းများလည်း ရှိနေသဖြင့် ဥပဒေ၊ နည်းဥပဒေများကို ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဌာနများနှင့် ဆွေးနွေးညှိနှိုင်း၍ ပြန်လည်သုံးသပ်ဖြည့်စွက် ပြင်ဆင်ခြင်းများကို တင်ပြဆောင်ရွက်သွားရန်၊

(ဂ) ပုဂံနှင့် ညောင်ဦးမြို့ပြဧရိယာများနှင့် ဆက်စပ်နေသောနေရာများအား ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန်အတွက်ပါ ရည်ရွယ်၍ ယဉ်ကျေးမှုဇုန်နယ်နိမိတ် ပြန်လည်ပြင်ဆင်သတ်မှတ် ဆောင်ရွက်ရန်၊

(ဃ) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(င) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း လက်ရှိဖွင့်လှစ် လုပ်ကိုင်လျက်ရှိသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများကို တိုးချဲ့တည်ဆောက်ခွင့်၊ ဖွင့်လှစ်ခွင့်မပြုရန်နှင့် လက်ရှိအခြေအနေကို အသေးစိတ် စာရင်းကောက်ယူထားရန်၊ မွမ်းမံပြင်ဆင်ရန်လိုအပ်ပါက လက်ရှိအခြေအနေအတိုင်းသာ ဥပဒေနှင့်အညီဆောင်ရွက်စေရန်၊ လုပ်ငန်းရှင်များကို ဥပဒေ၊ နည်းဥပဒေ စည်းကမ်းများအား လိုက်နာစေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ပုဂံယဉ်ကျေးမှုအမွေအနှစ်နယ်မြေတွင် MZ ၊ AZ နှင့် PZ တို့နှင့် လွတ်ကင်းသည့်နေရာများ၌ ဟိုတယ်ဇုန်နေရာများ ရွေးချယ်သတ်မှတ်ခြင်းကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်၊

(ဆ) UNESCO နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးမှုများ၊ အဆောက်အအုံတည်ဆောက်ခြင်း စည်းမျဉ်းစည်းကမ်းများကို ဌာနဆိုင်ရာများနှင့် ဒေသခံများလိုက်နာဆောင်ရွက်စေရေး ပညာပေးရန်နှင့် ကြီးကြပ်ရန်၊

(ဇ) ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ဒေသခံများပူးပေါင်းပါဝင်ရေး၊ လိုက်နာဆောင်ရွက်ရေး၊ ပညာပေး စည်းရုံးဆောင်ရွက်ရန်၊

(ဈ) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း လက်ရှိ ရှိနေသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစီမံချက်များကြောင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန်၊

(ည) ယဉ်ကျေးမှုအမွေအနှစ်များရှိရာနေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက် များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများလိုက်နာစေရန်အတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊

(ဋ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ဖြစ်စေ၊ ဒေသတစ်ဆက်တစ်စပ်တည်းမြင်ကွင်းတစ်ခုဖြစ်၍ အကာအကွယ်ပေးရန်လိုအပ်သော ဆက်စပ်နယ်မြေ၌ဖြစ်စေ နေထိုင်ရန် လူနေအိမ်ခြေ တိုက်တာ အဆောက်အအုံများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်းများ၊ အသက်မွေးမှုအတွက် လယ်ယာများ၊ အခြားစီးပွားရေးလုပ်ငန်းများ အစရှိသည်တို့အတွက် ဆောင်ရွက်ခွင့်နှင့် မြေအသုံးချခွင့်ကို ထိန်းသိမ်းကန့်သတ်ပေးရန်၊

(ဌ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန် အတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များရေးဆွဲခြင်း၊ ထုတ်ပြန် ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြ ဆောင်ရွက်ရန်၊

(ဍ) ပုဂံယဉ်ကျေးမှုနယ်မြေရှိ မြို့ပြလူနေရပ်ကွက်နှင့် တစ်ထပ်တည်းကျရောက်နေသည့် MZ နှင့် AZ များအတွင်း ဥပဒေ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် -

(၁) သတ်မှတ်ချက်များနှင့် ညှိစွန်းသည့် အဆောက်အအုံများကို သတ်မှတ်ချက်များနှင့် လွတ်ကင်းသည်အထိ ဥပဒေ၊ နည်းဥပဒေများအရ ကြပ်မတ်ဆောင်ရွက်သွားရန်၊

(၂) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် "၁၉၉၈ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ" ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) (င) (စ) တို့နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး စိစစ်ခွင့်ပြုရန်။

(ဎ) ပုဂံဒေသအတွင်း ထပ်မံတိုးချဲ့ခြင်း၊ ကျူးကျော်ခြင်းများမရှိရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် မြို့ပြ ရော၊ ကျေးလက်ပါ ရှေးဟောင်းအဆောက်အအုံ၊ နေရာ၊ မြင်ကွင်း မထိခိုက်စေရန် နယ်နိမိတ် သတ်မှတ်ပေးရန်၊

(ဏ) ပုဂံဒေသအတွင်းရှိ ဌာနဆိုင်ရာအားလုံးအား စုစည်း၍ ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများနှင့် ညီညွတ်စေလျက် စီမံခန့်ခွဲဆောင်ရွက်ရန်။

၃။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ**

**အမိန့်ကြော်ငြာစာ အမိန့်အမှတ် ၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )

၁။ တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံသည့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၆) ဖြင့် "အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ" ကို ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အဆိုပါ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရေနှင့်ဆိုင်သော ဘက်စုံ၊ ရှုထောင့်စုံမှ လေ့လာသုံးသပ်တွက်ချက်မှုများ ရယူနိုင်ရန် ကျွမ်းကျင်ပညာရှင်အဖွဲ့ (အကြံပေးအဖွဲ့) အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ပဆ - (၃) / (NWRC - DWIR) / ၂၀၁၆ (၁၅၄) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးအုန်းမြင့် ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး (ငြိမ်း)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဒေါက်တာစိန်မြင့် အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)
ရန်ကုန်နည်းပညာတက္ကသိုလ်

(ဂ) ဦးလှဘော် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

(ဃ) ဦးခင်လတ် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

(င) ဒေါက်တာချာလီသန်း အဖွဲ့ဝင်
ပါမောက္ခချုပ် (ငြိမ်း)
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

(စ) ဒေါက်တာခင်မောင်လွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ကျန်းမာရေးဝန်ကြီးဌာန

(ဆ) ဦးအေးမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

(ဇ) ဦးမောင်မောင်အေး — အဖွဲ့ဝင်
တာဝန်ခံပါမောက္ခချုပ် (ငြိမ်း)
ရန်ကုန်အဝေးသင်တက္ကသိုလ်

(စျ) ဦးတင်အေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
သစ်တောဦးစီးဌာန

(ည) ဦးမြင့်သိန်း — အဖွဲ့ဝင်
Principal Consultant
GEOASIA Groundwater and Wells Consultancy and Services
Yangon

(ဋ) ဦးဗစ်တာ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

(ဌ) ဦးဝင်းကျော် — အဖွဲ့ဝင်(အချိန်ပိုင်း)
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(ဍ) ဦးစိုးမြင့် — အဖွဲ့ဝင်(အချိန်ပိုင်း)
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဎ) ဦးလှမြင့်သိန်း — အဖွဲ့ဝင်(အချိန်ပိုင်း)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဏ) ဦးစိန်ထွန်း — အဖွဲ့ဝင်(အချိန်ပိုင်း)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(တ) ဦးကြည်သာ — အဖွဲ့ဝင်(အချိန်ပိုင်း)
အဖွဲ့ဝင် (ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်)

(ထ) ဦးဘရွှေ — အဖွဲ့ဝင်(အချိန်ပိုင်း)
အကြံပေး (ဆောက်လုပ်ရေးဝန်ကြီးဌာန)

(ဒ) ဦးဆလိုင်းမျိုးမြင့် — အဖွဲ့ဝင်(အချိန်ပိုင်း)
ဒုတိယအင်ဂျင်နီယာချုပ် (ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(ဓ) ဦးထွန်းပေါ်ဦး — အဖွဲ့ဝင်(အချိန်ပိုင်း)
National Technical Expert
Environmental Conservation and Forestry

(န) ဦးရဲထွန်း — အဖွဲ့ဝင်(အချိန်ပိုင်း)
အင်ဂျင်နီယာချုပ် (ဆိပ်ကမ်း)
Elite Tech Development Company Limited

(ပ) ဦးကျော်စန်ဝင်း — အဖွဲ့ဝင်(အချိန်ပိုင်း)
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

(ဖ) ဦးဇော်ဝင်း — အဖွဲ့ဝင်(အချိန်ပိုင်း)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

(ဗ) ဦးခင်မောင်ငွေး — အဖွဲ့ဝင်(အချိန်ပိုင်း)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
စည်ပင်သာယာရေးဦးစီးဌာန

(ဘ) ဒေါက်တာခင်နီနီသိန်း — အတွင်းရေးမှူး
ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲရေးဌာနမှူး (ငြိမ်း)
UNESCO ၊ ဆည်များနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအကြီးတန်း
အကြံပေး (ငြိမ်း) UNEP

(မ) ဦးချိုချို — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

၃။ ကျွမ်းကျင်ပညာရှင်အဖွဲ့ (အကြံပေးအဖွဲ့) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (National Water Resources Committee, NWRC) မှ နိုင်ငံတော်၏ ရေအရင်းအမြစ် မူဝါဒ (National Water Resources Policy)၊ ရေ အရင်းအမြစ်ဆိုင်ရာ ဘက်စုံရေစီမံခန့်ခွဲရေး မဟာဗျူဟာ (National Integrated Water Resources Management Strategy) နှင့် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး မဟာစီမံချက် (Water Resources Development Master Plan) တို့ ရေးဆွဲခြင်း၊ အမျိုးသားအဆင့် ရေမူဝါဒ (National Water Policy) အပါအဝင် ရေးဆွဲပြီး မူဝါဒများ၊ မဟာဗျူဟာများ၊ မဟာစီမံချက်များကို လိုအပ်ပါက ခေတ်နှင့်အညီဖြစ်စေရန် ဖြည့်စွက်ပြင်ဆင်ခြင်းတို့ကို သင့်လျော်သော နည်းလမ်းများကိုသုံး၍ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် အကူအညီပေးရန်။

(ခ) ကဏ္ဍအလိုက် မူဝါဒ (ဥပမာ - သောက်သုံးရေဆိုင်ရာ မူဝါဒ၊ စိုက်ပျိုးရေးဆိုင်ရာမူဝါဒ၊ ဆည်ရေပေးဝေခြင်းဆိုင်ရာ မူဝါဒ၊ ရေအားလျှပ်စစ် မူဝါဒ) စသည်တို့နှင့် ယင်းကဏ္ဍအလိုက် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ယူရေးဆွဲနိုင်ရေးအတွက် လိုအပ်သော ပညာရပ်ပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့်ပံ့ပိုးကူညီမှုများ ပေးအပ်ရန်။

(ဂ) ရေအရင်းအမြစ်များအား ကဏ္ဍစုံတွင် အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေး၊ ရေညစ်ညမ်းမှုကို လျော့ပါးကာကွယ်ရေးနှင့် လေလွင့်ဆုံးရှုံးမှုများ နည်းနိုင်သမျှ နည်းပါးစေရေးတို့ကို စီမံချက်များ

ချမှတ်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (NWRC) ၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာတို့က အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော ရေပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများပေးအပ်ရန်။

(ဃ) ရေအရင်းအမြစ်တို့ကို စီးပွားရေးနှင့် ဝန်ဆောင်ခြင်းအလို့ငှာ အသုံးပြုခြင်းများမှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွန်ဘဏ္ဍာရရှိစေမည့် နည်းလမ်းများကိုရှာဖွေ၍ ယင်းနှင့်ပတ်သက်သော အခွန်ဘဏ္ဍာဆိုင်ရာ ဥပဒေပြုမှုကိစ္စရပ်များတွင် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီ (NWRC) အား လိုအပ်သော ရေပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာအကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများပေးအပ်ရန်၊ နိုင်ငံပိုင်အခန်းကဏ္ဍအချိုးအစားနှင့် ပုဂ္ဂလိကပိုင်း ကဏ္ဍအချိုးအစား ပြောင်းလဲလုပ်ဆောင်မည့် အစီအစဉ်များကို သက်ဆိုင်ရာတို့နှင့်ပူးပေါင်းပြီးညှိနှိုင်းဆောင်ရွက်သွားရန်။

( င ) ရေအရင်းအမြစ် စီမံခန့်ခွဲမှု၌ ဘေးကင်းသော သောက်သုံးရေနှင့် သန့်ရှင်းမှုတို့ရရှိနိုင်ခွင့်သည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး လူ့အခွင့်အရေးနှင့် စီးပွားရေးအလို့ငှာ ရေအသုံးပြုမှုများဒွန်တွဲနေရာတွင် သင့်လျော်သောရေဈေးနှုန်းများ သတ်မှတ်ရရှိနိုင်စေရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အကြံပြုဆောင်ရွက်ပေးရန်။

( စ ) ရေအရင်းအမြစ်မှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွန်ဘဏ္ဍာရရှိစေမည့် ရေသယံဇာတနှင့်ဆိုင်သော ဥပဒေပြုမှုများအား အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (NWRC) ၏ လမ်းညွှန်ချက်ဖြင့် လိုအပ်သလို အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် သက်ဆိုင်ရာတို့အား ယင်းတို့လိုအပ်သော ရေပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများ ပေးရန်။

(ဆ) ရေအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ရေအရင်းအမြစ် အမျိုးအစားအလိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်ရာတွင် ထုတ်ပြန်ထားပြီး သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအပေါ် အခြေခံရန်၊ ဥပဒေကို လိုက်နာကျင့်သုံးလာစေရန်၊ ထိန်းသိမ်းကြပ်မတ်နိုင်ရန် စသည်တို့အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (NWRC) မှ လိုအပ်သော အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရန်အတွက် ရေပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာအကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများပေးအပ်ရန်။

( ဇ ) တည်ဆဲဖြစ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ရေဆိုင်ရာ အချက်အလက်များကို အခါအားလျော်စွာ ညှိနှိုင်းဖြည့်စွက်ပေးနိုင်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ(NWRC) ကို ကူညီပံ့ပိုးပေးရန်။

(ဈ) ရေအရင်းအမြစ်နှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုများအား အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (NWRC) အနေဖြင့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့်တွဲဖက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ သီးခြားမူဝါဒရေးဆွဲရာတွင် နိုင်ငံတော်၏ရေဆိုင်ရာမူဝါဒ (National Water Policy)၊ ရေအရင်းအမြစ်ဆိုင်ရာ ဘက်စုံစီမံခန့်ခွဲရေးမဟာဗျူဟာ (National Integrated Water Resources Management Strategy) နှင့် "ရေနှင့်ဆိုင်သော အခြေခံမူဘောင်" (Water Framework Directive) များနှင့်အညီ စိစစ်ညှိနှိုင်းပေးရန်။

(ည) ကဏ္ဍအလိုက် ရေအသုံးပြုမှုများတွင် အချိုးမျှတစွာ ရရှိစေရေးကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် ပြည်သူကိုတာဝန်ခံနိုင်သောလုပ်ရပ်များဖြင့် ဖော်ထုတ်ဆောင်ရွက်ကြမည့် သက်ဆိုင်ရာတို့အား လိုအပ်သော ရေပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာအကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများပေးအပ်ရန်။

(ဍ) ရေစီမံခန့်ခွဲမှု လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်လုပ်ဆောင်နိုင်စေရန် လိုအပ်သော ပံ့ပိုးမှုများကို အစဉ်တစိုက် အားထုတ်လုပ်ဆောင်ပေးသွားရန်။

(ဎ) လူမှုဘဝ တိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မရှိမဖြစ် လိုအပ်သော သန့်ရှင်းသည့်ရေအရင်းအမြစ်များ ထုတ်ယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် ရေထု ညစ်ညမ်းမှုဖြစ်ပေါ်စေသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် လိုအပ်သော စံနှုန်းသတ်မှတ်ချက်များ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲညှိနှိုင်း အကောင် အထည်ဖော်ပေးနိုင်ရေး သက်ဆိုင်ရာတို့အား ရေပညာရှင်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုများပေးအပ်ရန်။

(ဏ) ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များ (Water - related Disasters) ကျရောက်မှု ကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများအား ကာကွယ်ရန်၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ စီမံကိန်းများရေးဆွဲရန် လိုအပ်သော တွက်ချက်မှုများ၊ သုံးသပ်ချက်များကို ပြုလုပ်ရန်နှင့် နိုင်ငံတော်၏ရေပိုင်နက်ကိုကာကွယ် စောင့်ရှောက်ရန်ကိစ္စရပ်များနှင့် ရေအရင်းအမြစ်များအတွက် မရှိမဖြစ်လိုအပ်သော "ရေအရင်းအမြစ်ဆိုင်ရာ ဆုံးဖြတ်ချက် အထောက်အကူပြုစနစ်" (Water Resources Decision Support System) နှင့် ယင်း၏ အထောက်အကူပြု အချက်အလက် ဘဏ်များ (Data Banks) ပါဝင်သော "ရေဆိုင်ရာသတင်းအချက်အလက်စင်တာ" Water Information Center (Hydro Informatics Center) ကို အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီ (NWRC) ၏ လမ်းညွှန်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောအကြံဉာဏ်များပေးရန်။

(ပ) အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (NWRC) အနေဖြင့် ရေကိုအခြေပြု၍ တရားမျှတ သော ရေခွဲဝေမှုစနစ်အားလုံး ပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲရေး စနစ် ထူထောင်ရေးစသည်တို့ကို စွမ်းစွမ်းတမံ လုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းမှုနှင့် ကြွယ်ဝမှုတို့ တစ်စတစ်စတိုးတက်ရရှိလာပြီး အားလုံးလက်ခံနိုင်သော ဘက်စုံ ရေစီမံခန့်ခွဲမှု စနစ်တစ်ခုပေါ်ပေါက်လာစေရေးကို လုပ်ဆောင်ရာတွင် သက်ဆိုင်ရာများနှင့်အတူ လက်တွဲ၍ ပူးပေါင်းကူညီဆောင်ရွက်ရန်။

(ဖ) ရေအရင်းအမြစ်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စုဆောင်းရာတွင် အရည်အသွေးရှိ၍ တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်းများရရှိ၍ မှတ်တမ်းတင်နိုင်ရေးနှင့် အချိန်နှင့် တစ်ပြေးညီ အချက်အလက်များ စုဆောင်းရေးတို့တွင် အဆင့်မြင့်နည်းပညာများကို အသုံးချ၍ ပြည်တွင်းပြည်ပမှ ပညာရှင်များက ဆောင်ရွက်ရာတွင် အနီးကပ်ကြီးကြပ် ကူညီဆောင်ရွက်ရန်။

(တ) ရေနှင့်ဆက်နွယ်သော သတင်းအချက်အလက်အတတ်ပညာ၊ နည်းပညာအထောက်အပံ့နှင့် ငွေကြေး အထောက်အပံ့အပါအဝင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
ထွန်းလွင်ဦး၊ အတွင်းရေးမှူး
အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်အဖွဲ့ ဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးဌာနဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမီဒီယာများ၊ ပြည်သူလူထုမှ သိရှိရန် လိုအပ်သည့် အချက်အလက်များနှင့်ပတ်သက်၍ အသိပေးခြင်းနှင့်မေးမြန်းချက်များအား ဖြေကြားခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်အဖွဲ့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးသက်နိုင်ဦး (လယ်ယာ/ဆည်မြောင်း) — အဖွဲ့ခေါင်းဆောင်
ဒုတိယအမြဲတမ်းအတွင်းဝန်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဦးဇော်မျိုး — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန် (သမဝါယမ)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဦးမျိုးတင့်ထွန်း — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန် (လယ်ယာ/ဆည်မြောင်း)
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းထုတ်ပြန်ရေးဌာနခွဲ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဒေါက်တာထွန်းလွင် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန် (မွေးရေ/ကျေးလက်)
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်သတင်းထုတ်ပြန်ရေးဌာနခွဲ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးမျိုးအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သမဝါယမဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(စ) ဦးလှထွန်း — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန် (မွေးရေ/ကျေးလက်)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။　စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့် သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း။

(ခ) ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်၍ သုံးသပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကြိုတင်ဆောင်ရွက်သင့်သည့် သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဂ) ပြည်တွင်း/ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများ၊ ပြည်သူလူထုမှ သိရှိရန်လိုအပ်သည့် မေးခွန်းများ၊ မေးမြန်းလာသည့်ကိစ္စရပ်များအား ဖြေကြားခြင်း။

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်အဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ဌာနများမှ အထောက်အကူပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

၃။　ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့စွဲဖြင့်ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၅) အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ စာအမှတ် ၃၀၀/၁ - ၁၇/ ဝခရ (မွန်) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂ - ၃ (၈၀၀)/ ထောက် ၂ ပါ အတည်ပြုချက်အရ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ပြီး မြေယာအရှုပ်အရှင်းကင်းသည့် ကျေးရွာများတွင် မြေငှားဂရန် (မြေငှားစာချုပ်) ထုတ်ပေးရေး လုပ်ငန်းကို ရက်ပေါင်း (၁၀၀) အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ် အတွင်းရှိ ပူးတွဲဖော်ပြပါမြို့နယ်များ၌ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်၊ မြေနယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ် ကြပ်မတ်ရေး အရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**ပူးတွဲ**

## မွန်ပြည်နယ်အတွင်း
## နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်
## နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁ | မော်လမြိုင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂ | ချောင်းဆုံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး |
| ၃ | ကျိုက်မရောမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄ | မုဒုံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၅ | သံဖြူဇရပ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၆ | ရေးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၇ | ကျိုက်ထိုမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၈ | ဘီးလင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၉ | သထုံမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၀ | ပေါင်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

**ပူးတွဲစာရင်း**

## မွန်ပြည်နယ်အတွင်းရှိ ကျေးရွာမြေများ ဂရန်ထုတ်ပေးရေးအတွက် ရွေးချယ်ထားသည့် ကျေးရွာများစာရင်း

| စဉ် | ခရိုင် | မြို့နယ် | ရွေးချယ်သည့် ကျေးရွာအုပ်စု | ရွေးချယ်သည့် ကျေးရွာ | ခန့်မှန်း အိမ်ခြေ ပေါင်း |
|---|---|---|---|---|---|
| ၁ | သထုံခရိုင် | ကျိုက်ထိုမြို့နယ် | ကျူချောင်း | သံတံတား | ၄၇ |
| | | ဘီလင်းမြို့နယ် | အနိုင်းပွန် | အနိုင်းပွန် | ၁၄၃ |
| | | သထုံမြို့နယ် | နောင်ဘို | ချောင်း၀ | ၅၀ |
| | | ပေါင်မြို့နယ် | မုတ္တမ | ရေးစုကွက်သစ် | ၁၄၀ |
| ၂ | မော်လမြိုင်ခရိုင် | မော်လမြိုင်မြို့နယ် | ကော့ခမယ် | ကော့ခပို | ၈၂ |
| | | ချောင်းဆုံမြို့နယ် | မူးရစ်ကြီး | မူးရစ်ကြီး | ၃၅ |
| | | ကျိုက်မရောမြို့နယ် | ကလိုင်းကနိုင် | အပေါ် | ၄၂ |
| | | မုဒုံမြို့နယ် | အခွန် | အခွန် | ၂၉ |
| | | သံဖြူဇရပ်မြို့နယ် | ပဒါင် | ပဒါင် | ၃၀ |
| | | ရေးမြို့နယ် | နှင်းစုံ | နှင်းစုံ | ၅၉ |

## (၀န်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်စွဲပါ စာအမှတ် ၂/ ၃-၃/ ၇ ဦး ၆ (၆၁၂) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေး၀န်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂ - ၃ (၈၀၀)/ ထောက် ၂ ပါ အတည်ပြုချက်အရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေများအား ရက် (၁၀၀) စီမံချက်အတွင်း မြေငှားဂရန် ထုတ်ပေးနိုင်ရေး အတွက် မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်းရှိ ပူးတွဲဖော်ပြပါ မြို့နယ်များတွင် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်၊ မြေနယ်သတ် အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ် သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ် ကြပ်မတ်ရေး အရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာ၀န်ပေး ခန့်အပ်လိုက်သည်။

**ပူးတွဲ**

